(c) သန့်ရှင်းရေး ပုံမှန်ပြုလုပ်ခြင်းနှင့် ပိုးသတ်သန့်စင်ခြင်း

- ထိတွေ့မှုအများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (တံခါးလက်ကိုင်များ၊ မီးခလုတ်များ၊ အိမ်သာများနှင့်ရေဆွဲခလုတ်များ၊ ကွန်ပျူတာကီးဘုတ်များနှင့် အလုပ်စားပွဲမျက်နှာပြင်များ၊ ရုံးကြိုပို့ယာဉ်၏ ထိုင်ခုံများနှင့်လက်တန်းများ၊ လက်ကိုင်နေရာများ)ကို ဦးစားပေးအနေဖြင့် မကြာခဏပိုးသတ်သန့်စင်ရမည်ဖြစ်ပြီး ကြမ်းပြင်များကိုလည်း တစ်နေ့တစ်ကြိမ် ပိုးသတ်သန့်စင်ရပါမည်။ ပိုးသတ်သန့်စင်ရာတွင် ကလိုရင်းကိုအခြေခံ၍ ထုတ်လုပ်ထားသော ပိုးသတ်သန့်စင်ဆေးရည် (0.1% Sodium Hypochlorite Solution (သို့မဟုတ်) 0.1% Calcium Hypochlorite Solution)နှင့်(70% Ethyl Alcohol)တို့ကို အသုံးပြုနိုင်ပြီး **(ကျန်းမာရေးဝန်ကြီးဌာန၏ Coronavirus Disease 2019(COVID-19) ဖြစ်ပွားနေစဉ်ကာလအတွင်း အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် ပိုးသတ်သန့်စင်ခြင်းဆိုင်ရာသိကောင်းစရာများ (www.mohs.gov.mm) အရ ဆောင်ရွက်ပါရန်)** အိမ်သာအသုံးပြုရန်အတွက် ဝန်ထမ်းအများအပြား စောင့်ဆိုင်းရခြင်း မရှိစေရန်၊ အိမ်သာထဲတွင် အမှိုက်ပုံးများကိုအလုံအလောက်ထားရှိပေးရန်နှင့် မကြာခဏ အမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း၊ ရေဆိုးစွန့်ထုတ်ခြင်းစနစ်နှင့် မိလ္လာစနစ်တွင် ယိုစိမ့်မှုများ မရှိစေရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးရပါမည်။

(စ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်ခြင်း၊ သင်တန်းပေးခြင်းနှင့် ပညာပေးခြင်း

- ဝန်ထမ်းများ၏ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဗဟုသုတတိုးပွားစေရန် နံရံကပ်စာစောင်များ၊ ဗွီဒီယိုများ၊ အီလက်ထရောနစ်သတင်းစကားများ၊ အွန်လိုင်းသင်တန်းများ အသုံးပြု၍ ပညာပေးခြင်း (staff empowerment) ကိုအခါအားလျော်စွာပြုလုပ်ရပါမည်။
- ထိုသို့ပြုလုပ်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တရားဝင်ထုတ်ပြန်ထားသည့်သတင်းအချက်အလက်များကိုသာအသုံးပြုခြင်းဖြင့် ကောလာဟလ နှင့် သတင်းအမှားများကို ရှောင်ကြဉ်ဖယ်ရှားနိုင်မည် ဖြစ်ပါသည်။

(ဆ) ကိုဗစ်-၁၉ ရောဂါ သံသယရှိသော ဝန်ထမ်းများအား စီမံခြင်း

- ဝန်ထမ်းတစ်ဦးသည် အောက်ပါအချက်များအနက် တစ်ခုခုနှင့်ကိုက်ညီနေပါက ရုံးဌာနသို့ မလာရောက်စေဘဲ မိမိအိမ်တွင်သာသီးသန့်နေစေရန်နှင့် ကျန်းမာရေးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှု ခံယူရပါမည်။